**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

**ဝန်ကြီးရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၇၁ /၂၀၁၆**

**၁၃၇၇ ခုနှစ်၊ တပို့တွဲလဆန်း ၁၁ ရက်**

**( ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက် )**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ပို့ကုန်သွင်းကုန်ဥပဒေ ပုဒ်မ ၁၃၊ ပုဒ်မခွဲ(ခ)အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၂။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် နိုင်ငံ၏ စိုက်ပျိုးရေးနှင့် ပြည်သူများ၏ ကျန်းမာရေးကဏ္ဍအတွက် အဓိကအရေးကြီးပြီး ဈေးကွက်လိုအပ်ချက်ရှိသည့် ဓာတ်မြေသြဇာ၊ မျိုးစေ့၊ ပိုးသတ်ဆေး၊ ဆေးရုံသုံးကိရိယာများစသည့် ကုန်ပစ္စည်း (၄) မျိုးကို နိုင်ငံခြားဖက်စပ်ကုမ္ပဏီများအား ကုန်သွယ်ခွင့်ပြုခြင်းကို ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ( ၉၆/ ၂၀၁၅ ) ဖြင့် ခွင့်ပြုခဲ့ပြီး ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ နိုင်ငံခြားဖက်စပ်ကုမ္ပဏီများအနေဖြင့် ဖော်ပြပါကုန်ပစ္စည်းများကို ကုန်သွယ်မှုပြုရာတွင် အောက်ဖော်ပြပါ သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည် ဖြစ်ပါသည် -

(က) ဖက်စပ်ကုမ္ပဏီသည် ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်ခွင့်ရှိသည့် ကုမ္ပဏီဖြစ်ရမည်။

( ခ ) ကုမ္ပဏီမှတ်ပုံတင်စဉ် ခွင့်ပြုပေးသည့် ဖက်စပ်ကုမ္ပဏီများ၏ Equity အချိုးအရ ခွင့်ပြုမည်။

( ဂ ) ဖက်စပ်လုပ်ငန်းဆောင်ရွက်သည့် နိုင်ငံခြားကုမ္ပဏီများအနေဖြင့် ၎င်းတို့တရားဝင်ယူဆောင်လာသည့် နိုင်ငံခြားငွေပမာဏအတိုင်းသာ ကုန်သွယ်မှုပြုလုပ်ရမည်။

(ဃ) ဖက်စပ်ကုမ္ပဏီအား ဓာတ်မြေသြဇာ၊ မျိုးစေ့၊ ပိုးသတ်ဆေး၊ ဆေးရုံသုံးကိရိယာများစသည့် ကုန်ပစ္စည်း (၄) မျိုးကို လက်လီ/ လက်ကား ရောင်းချခွင့်ပြုသည်။

( င ) ပို့ကုန်သွင်းကုန်လုပ်ငန်းရှင် မှတ်ပုံတင်လက်မှတ် လာရောက်လျှောက်ထားပါက ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပေးသည့် Form 6/ 26 နှင့်အတူ Bank Statement တို့အား တင်ပြရမည်။

( စ ) သွင်းကုန်လိုင်စင်လျှောက်ထားရာတွင် ဓာတ်မြေသြဇာ၊ မျိုးစေ့၊ ပိုးသတ်ဆေး တင်သွင်းမှုအတွက် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၏ ထောက်ခံ

ချက်ဖြင့် လည်းကောင်း၊ ဆေးရုံသုံးကိရိယာများ တင်သွင်းမှုအတွက် ကျန်းမာရေးဝန်ကြီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ ထောက်ခံချက်ဖြင့်လည်းကောင်း ပူးတွဲတင်ပြရမည်။

ပုံ

ဝင်းမြင့်

ပြည်ထောင်စုဝန်ကြီး

စာအမှတ် ၊ စက - ၁၁ / ၂ - ၂၀ / ၂၀၁၆ ( ၄၄ )

ရက်စွဲ ၊ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်

**ဖြန့်ဝေခြင်း**

နိုင်ငံတော်သမ္မတရုံး

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

ပြည်ထောင်စုလွှတ်တော်ရုံး

ပြည်သူ့လွှတ်တော်ရုံး

အမျိုးသားလွှတ်တော်ရုံး

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

ပြည်ထောင်စုဝန်ကြီးဌာနများအားလုံး

ပြည်ထောင်စုရှေ့နေချုပ်ရုံး

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး

နေပြည်တော်ကောင်စီရုံး

တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များအားလုံး

အတွင်းရေးမှူး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေးဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ အကောက်ခွန်ဦးစီးဌာန

ဦးဆောင်ညွှန်ကြားရေးမှူး } မြန်မာနိုင်ငံပြန်တမ်းတွင်
ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း } ထည့်သွင်းကြေညာပေးပါရန်

ဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ
အသင်းချုပ် ( ညီနောင်အသင်းများထံ ထပ်မံဖြန့်ဝေပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။ )

အမိန့်အရ

တိုးအောင်မြင့်
အမြဲတမ်းအတွင်းဝန်